## နိုင်ငံရေးအကျဉ်းသားများနှင့်ပတ်သက်၍

## ဗမာပြည်ကွန်မြူနစ်ပါတီပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်

## ၁/၂၀၀၂

## (၉ – ၁ – ၂၀၀၂)

(၁) နိုင်ငံရေးအကျဉ်းသားလွှတ်ရေးက NLD ကို 'တင်ရေး ဝင်ရေး' အတွက် ကျုံးသွင်းရတာလောက် မလွယ်ဘူး။ ဝေါဟာရကုလားဖန်ထိုးလိုက်ရုံနဲ့ '၂၀၀၈ အခြေခံဥပဒေ' ဘောင်ထဲရောက်သွားအောင် လုပ်နိုင်တာမဟုတ်ဘူး။ နိုင်ငံရေးအကျဉ်းသားတွေက နိုင်ငံရေးတက်ကြွလှုပ်ရှားကြလို့ ဖမ်းပြီးထောင်ချထားတာတွေပဲ။

(၂) ဦးသိန်းစိန်ကလည်း 'အကလ' (၁၁) ဦး ကော်မရှင်ထဲက တယောက်သာဖြစ်တယ်။ သူပြောတာတွေကို ယုံကြည်ပြီး ပြောမိဆိုမိရင် အလိုလိုနေရင်း ကိုယ်ပါပူးတွဲတရားခံ ဖြစ်သွားမယ်။

(၃) ဦးသိန်းစိန်အပါ (အကလ) (၁၁) ဦးရဲ့ နောက်မှာလည်း သူတို့ကို ကြိုးကိုင်ထားတဲ့ 'မမြင်ရတဲ့လက်' ရှိတယ်။ ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေးလောက်ကို ပြောတာမဟုတ်ဘူး။ ၁၉၆၂ က စပြီး အခုအထိ နှစ် (၅၀) တည်ထောင် ပြုစုထားတဲ့ စစ်အာဏာရှင်စနစ်ရဲ့ ဒေါက်တိုင်တွေ၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဆိုင်ရာ အဖွဲ့အစည်းတွေ (institution) ရှိတယ်။ သူတို့အခြေခံပျက်အောင် အဲဒီအဖွဲ့အစည်းတွေက အထိခံမယ် မဟုတ်ဘူး။ UMEH ဦးပိုင်ကို ထိကြည့်ပါလား။ ထိလာရင် သူတို့ထဲက ဘယ်သူ့ကိုမဆို ရှင်းပစ်လိုက်မှာပဲ။ ကံဆိုးသူမောင်ရှင်အဖြစ် စတေးပစ်လိုက်မှာပဲ။

တပ်ပြိုကွဲအောင် မလုပ်နဲ့

စစ်အာဏာရှင်စနစ်ယိမ်းယိုင်အောင် မလုပ်နဲ့

အာဏာပြိုင်မလုပ်နဲ့

လုပ်လို့ကတော့ ဗိုလ်အောင်ကြီး၊ ဗိုလ်တင်ဖေကစပြီး ဗိုလ်ခင်ညွန့်တို့အထိ ဒီလိုပဲ ရှင်းပစ်တာခံခဲ့ရတာပဲ မဟုတ်လား။

ခုလည်း ထိပ်ပိုင်းတွေ တယောက်တပေါက်ပြောနေ လုပ်နေကြတယ်။ ဟန်ပြလား၊ ထိန်းမရကြတာလား။ တကယ်ဖြစ်နေကြတယ်ဆိုရင်တော့ သမိုင်းတလျှောက်ဖော်ပြခဲ့တဲ့အတိုင်း ဓားပါတဲ့ကုလားက စားသွားပါလိမ့်မယ်။

(၄) နိုင်ငံရေးအကျဉ်းသားဆိုတာ အာဏာရှိသူက နိုင်ငံရေးအရ ပြန်ပေးဆွဲထားတာ ဖြစ်တယ်။ နိုင်ငံရေး 'စုဘူး' ဖြစ်တယ်။ လိုသလောက်သာ ထုတ်သုံးမှာ ဖြစ်တယ်။ သူတို့တောင်းတဲ့ "ကြေး" မပေးရင် လွှတ်မှာမဟုတ်ဘူး။ (မတတ်သာမှ လွှတ်ရတာက တပိုင်း)

ယုံကြည်ချက်ကို ခိုင်ခိုင်မြဲမြဲ ကိုင်စွဲထားသူတွေဖြစ်လို့ ပြန်မလွှတ်တာပဲ ဖြစ်တယ်။ မဆိုင်သူက 'ယုံကြည်ချက်ကို စွန့်လိုက်ပါ' လို့ပြောရင် ပြန်ပေးဆွဲသူနဲ့ ကြံရာပါ ဖြစ်သွားမယ်။

(၅) နေ့ကြီးရက်ကြီးတွေက ရှေ့မှာတသီကြီး ရှိသေးတယ်။ ဖေဖော်ဝါရီ (၁၂) ရက်၊ ဖက်ဆစ်တော်လှန်ရေး နှစ်ပတ်လည်၊ မြန်မာနှစ်သစ်ကူး ဧပြီအရှုံးလုပ်ပွဲနေ့မှာ လုပ်မယ့် 'ကြားဖြတ်ရွေးကောက်ပွဲ' အထိ မျှော်မဆုံးအောင် လုပ်ထားနိုင်တယ်။ မှားယွင်းတဲ့ မျှော်လင့်ချက်ကို မိမိတို့ကပါ ဝင်ပြီးပေးလို့ မဖြစ်ဘူး ထင်ပါတယ်။